## Second Sunday of Advent

### 1st READING: *Isaiah 40:1-5, 9-11*

ဟေရှာယအနာဂတ္တိကျမ်း။  ၄၀း ၁–၅၊ ၉–၁၁

သင်တို့၏ ဘုရားသခင် မိန့်တော်မူသည်ကား၊ ငါ၏ လူတို့ကို နှစ်သိမ့်စေကြလော့။ နှစ်သိမ့်စေကြလော့။ စစ်မှုကိုထမ်းရသော အချိန်စေ့ပြီ။ သင်၏ အပြစ်လည်း ပြေရှင်းပြီဟု ယေရုရှလင်မြို့အား နှစ်သိမ့်စေသော စကားကို ပြော၍ ကြွေးကြော်ကြလော့။ အကြောင်းမူကား၊ ထာဝရဘုရား၏ လက်တော်၌ မိမိအပြစ်အတွက် နှစ်ဆခံရပြီ။ တော၌ ဟစ်ကြော်သော သူ၏ အသံမှာ၊ ထာဝရဘုရား ကြွတော်မူရာ လမ်းကို ပြင်ကြလော့။ ငါတို့ဘုရား သခင်၏ လမ်းခရီးတော်ကို လွင်ပြင်၌ ဖြောင့်စေကြလော့။ ချိုင့်ဝှမ်းရာ ရှိသမျှတို့ကို ဖို့ရမည်။ တောင်ကြီး တောင်ငယ်ရှိ သမျှတို့ကို ဖြိုရမည်။ ကောက်သောလမ်းများကိုဖြောင့်စေရမည်။ ကြမ်းတမ်းသော လမ်းများကိုလည်း သုတ်သင် ပြင်ဆင်ရမည်။ထာဝရဘုရား၏ ဘုန်းတော်ပေါ်ထွန်း၍၊ လူအပေါင်းတို့သည် အတူမြင်ကြရလေတံ့ဟုထာဝရဘုရား၏နှုတ်တော်ထွက်အမိန့်တော်ရှိ၏။ဇိအုန်းတောင်သို့ဝမ်းမြောက်စရာသိတင်းကိုဆောင်ခဲ့ သောသူ၊မြင့်သောတောင်ပေါ်သို့တတ်လော့။ယေရုရှလင်မြို့သို့ဝမ်းမြောက်စရာသတင်းကိုဆောင်ခဲ့သောသူ၊ကျယ်သောအသံ ကိုလွှင့်လော့။ မစိုးရိမ်ဘဲအသံကိုလွှင့်လော့။သင်တို့၏ဘုရားသခင်ကိုကြည့်ရှုကြဟုယုဒမြို့ရွာတို့အားပြောလော့။ကြည့်ရှုလော့။ အရှင်ထာဝရဘုရား သည်၊ကြီးသောတန်ခိုးနှင့်ကြွလာ၍၊လက်ရုံးတော်အားဖြင့်အစိုးရတော်မူလိမ့်မည်။မိမိခံတော်မူထိုက်သော အခ မိမိ ဥ္စပါလျှက်၊ ဆုလပ် တော်သည် ရှေ့တော်၌ ရှိ၏။ မိမိသိုးစုကို သိုးထိန်းကဲ့သို့ ကျွေးမွေးတော်မူမည်။ သိုးသငယ်တို့ ကို ချီ၍ပိုက်ပွေ့တော်မူမည်။ သားငယ်ရှိသော သိုးမတို့ကိုလည်း ဖြည်းညှင်းစွာ ပို့ဆောင်တော်မူမည်

**Responsorial Psalm  Psalms  85:9-10, 11-12, 13-14**

ဆာလံကျမ်း    ၈၅း ၇–၁၃

၇–၁၃။ အိုထာဝရဘုရားမိန့်တော်မူရာကိုငါနားထောင်မည်။အကြောင်းမူကားကိုယ်တော်သည်မိမိ၏သန့်ရှင်းသူများတည်းဟူသောမိမိလူမျိုးအားငြိမ်းချမ်းရေးကိုကတိထားတော်မူပြီ။ ဘုန်းဂုဏ်တော်သည်ငါတို့ပြည်တွင်တည်နေရန်ကိုယ်တော်၏ကယ်တင်တော်မူခြင်းသည်ကိုယ်တော်ကိုကြောက်ရွံ့သောသူတို့အနီးတွင်အမှန်စင်စစ်တည်ရှိတော်မူ၏။ ချစ်ခြင်းမေတ္တာနှင့်သစ္စာစောင့်သိခြင်းတို့သည်တွေ့ဆုံကြလိမ့်မည်။ ဖြောင့်မတ်ခြင်းတရားနှင့်ငြိမ်းချမ်းရေးတို့သည်တစ်ဦးနှင့်တစ်ဦးနမ်းရှုပ်ကြလိမ့်မည်။ သစ္စာစောင့်သိခြင်းသည်မြေကြီးမှထွက်ပေါ်လာလိမ့်မည်။ ဖြောင့်မတ်ခြင်းတရားသည်ကောင်းကင်မှငုံ့ကြည့်ပေလိမ့်မည်။ ထာဝရဘုရားသည်ကောင်းမြတ်ရာကိုပေးသနားတော်မူ၍ငါတို့ပြည်သည်ကောက်ပဲသီးနှံတို့ကိုဖြစ်ထွန်းစေမည်။ ဖြောင့်မတ်ခြင်းသည်ကိုယ်တော်၏ရှေ့တော်မှသွား၍ကိုယ်တော်၏ခြေလှမ်းများအတွက်လမ်းခင်းပေးလိမ့်မည်။

## 2nd READING: *2 Peter 3:8-14*

ရှင်ပေတရုဩဝါဒစာဒုတိယစောင်။ ၃း ၈–၁၄

သို့ရာတွင်၊ငါ၏ချစ်မိတ်ဆွေတို့၊ထာဝရဘုရားအဖို့တစ်ရက်သည်အနှစ်တစ်ထောင်ကဲ့သို့လည်းကောင်း၊အနှစ်တစ်ထောင်သည်တစ်ရက်ကဲ့သို့လည်းကောင်းဖြစ်သည်ကိုမမေ့မလျော့ကြနှင့်။ လူအချို့တို့ထင်မှတ်သကဲ့သို့ထာဝရဘုရားသည်မိမိ၏ကတိတော်များကိုအကောင်အထည်ဖော်ရန်နှောင့်နှေးတော်မူသည်မဟုတ်။ မည်သူမျှပျက်စီးဆုံးရှုံးခြင်းသို့မရောက်စေဘဲလူတိုင်းနောင်တရရှိစေရန်အလိုတော်ရှိ၍သင်တို့ကိုအချိန်ပေးသည်းခံတော်မူပေသည်ထာဝရဘုရား၏နေ့ရက်သည်သူခိုးလာသကဲ့သို့၊ ကျရောက်လာလိမ့်မည်။ ထိုနေ့ရက်၌မိုးကောင်းကင်သည်ကြီးစွာသောအသံမြည်ဟီးလျက်ပျောက်ကွယ်သွားလိမ့်မည်။ လောကဓါတ်တို့သည်လည်းမီးအပူရှိန်ပြင်းသဖြင့်အရည်ပျော်သွားကြလိမ့်မည်။ ထိုအခါကမ္ဘာမြေကြီးနှင့်တကွမြေပေါ်တွင်ရှိသမျှသောအရာတို့သည်လောင်ကျွမ်းပျောက်ကွယ်သွားလိမ့်မည်။ ခပ်သိမ်းသောအရာတို့သည်ဤသို့ပျက်စီးပျောက်ကွယ်သွားရကြမည်ဖြစ်သဖြင့်သင်တို့သည်အဘယ်သို့သောသူများဖြစ်သင့်ကြသနည်း။ သင်တို့သည်ဘုရားသခင်၏နေ့ရက်ကိုစောင့်မျှော်၍ထိုနေ့ရက်လျင်မြန်စွာကျရောက်လာစေရန်ကြိုးစားအားထုတ်လျက်နေကြစဉ်မိမိဘဝကိုသန့်ရှင်းမွန်မြတ်စေ၍ဘုရားတရားအားထုတ်ခြင်းဖြင့်ဆက်ကပ်သင့်ကြ၏ ။ထိုနေ့ရက်၌မိုးကောင်းကင်သည်မီးသင့်လောင်ကျွမ်း၍ပျက်စီးလိမ့်မည်။ လောကဓါတ်များသည်လည်းအပူရှိန်ကြောင့်အရည်ပျော်ကြလိမ့်မည်။ သို့ရာတွင်ငါတို့သည်ဘုရားသခင်ကတိထားတော်မူသည့်ဖြောင့်မတ်ခြင်းတရားစိုးမိုးတည်ရှိရာမိုးကောင်းကင်သစ်နှင့်ကမ္ဘာမြေသစ်ကိုစောင့်မျှော်လျက်နေကြ၏ ။ သို့ဖြစ်၍ချစ်မိတ်ဆွေတို့သင်တို့သည်ထိုနေ့ရက်ကိုစောင့်မျှော်လျက်နေကြစဉ်ဘုရားသခင်၏ရှေ့တော်၌စိတ်နှလုံးဖြူစင်သန့်ရှင်းအပြစ်ကင်းစေရန်လည်းကောင်းကိုယ်တော်နှင့်ငြိမ်းချမ်းမှုရရှိ၍နှစ်သက်လက်ခံဖွယ်ဖြစ်စေရန်လည်းကောင်းအစွမ်းကုန်ကြိုးစားအားထုတ်ကြလော့။

## GOSPEL: *Mark 1:1-8*

ရှင်မာကုဧဝံဂေလိကျမ်း 1; 1-18

ဘုရားသခင်၏သားတော်ခရစ်တော်ယေရှု၏ဧဝံဂေလိတရားအစသည်ကား။ပရောဖက်၏အီဇာယကျမ်းတွင်ရေးထားသည်အတိုင်းကြည့်လော့။ သင့်အတွက်လမ်းကိုပြင်ဆင်ရန်ငါ၏တမန်တော်ကိုသင့်ရှေ့၌ငါစေလွှတ်မည်။တောကန္တာရ၌ကြွေးကြော်သောသူ၏အသံသည်ကား၊ သခင်ဘုရားကြွလာတော်မူမည့်လမ်းကိုပြင်ဆင်ကြလော့။ ကိုယ်တော်၏လမ်းများကိုဖြောင့်တန်းစေကြလော့ဟူ၍တည်း။ ယောဟန်ဗတ္တိဇံသည်အပြစ်အခွင့်လွှတ်ခြင်းရရန်နောင်တတရားနှင့်ဆိုင်သောဆေးကြောခြင်းအကြောင်းကိုတောကန္တာရ၌ဟောပြောလျက်ရှိ၏။ ဂျူဒေယပြည်တစ်ပြည်လုံးမှလူများနှင့်ဂျေရုဆလင်မြို့သားအပေါင်းတို့သည်သူ့ထံသို့သွားကြ၍၊ မိမိတို့အပြစ်အမှားများကိထုတ်ဖော်ဝန်ခံကြလျက်ဂျော်ဒန်မြစ်တွင်သူ၏လက်မှဆေးကြောခြင်းကိုခံယူကြယောဟန်သည်ကုလားအုပ်မွေးဖြင့်ရက်လုပ်သောအဝတ်ကြမ်းကိုဝတ်ဆင်၍ခါး၌သားရေခါးစည်းကြိုးကိုစည်းထားလျက်ကျိုင်းကောင်နှင့်ပျားရည်တို့ကိုသာစားသောက်၏။သူကဟောပြောသည်ကား၊ငါ့ထက်သာ၍တတ်စွမ်းနိုင်သောသူသည်ငါ့နောက်တွင်ကြွလာလိမ့်မည်။ငါသည်ပျပ်ဝပ်လျက်သူ၏ခြေနင်းတော်ကြိုးကိုမျှဖြေခြင်းငှာငါမထိုက်တန်။ ငါသည်သင်တို့ကိုရေဖြင့်ဆေးကြော၏။သို့သော်သူသည်သင်တို့ကိုသန့်ရှင်းသောဝိညာဉ်တော်ဖြင့်ဆေးကြောတော်မူလိမ့်မည်ဟူ၍တည်း။